# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## နိုင်ငံတော်ကောင်စီ

## ၁၉၈၂ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေ

**(၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၂)**

**ရန်ကုန်မြို့၊ ၁၃၄၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်**

**(၁၉၈၂ ခုနှစ်၊ မတ်လ ၂၅ ရက်)**

အောက်ဖော်ပြပါဥပဒေကိုထုတ်ပြန်ကြေငြာသည်။

နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အနှစ် ၂၀ နှစ်ရှည်စီမံကိန်းနှင့် စတုတ္ထ လေးနှစ် စီမံကိန်းလမ်းညွှန်မှုများတွင် ပါရှိသည့်ရည်မှန်းချက်နှင့် စတုတ္ထလေးနှစ်စီမံကိန်း (၁၉၈၂-၈၃ မှ ၁၉၈၅-၈၆) တို့၏ ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၂ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များ ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၈၂-၈၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၈၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရမည်။

### အခန်း (၂)

### စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးက အတည်ပြုပေးခဲ့သော စတုတ္ထ လေးနှစ် စီမံကိန်း ရည်မှန်းချက်များနှင့်အညီ ရေးဆွဲထားသည့် စတုတ္ထလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၂-၈၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန် ထိုကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည် ဖော်ကြရမည်။

(ပုံ) စန်းယု၊

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

Myanmar Law Information System (MLIS)

ရန်ကုန်မြို့၊ ၁၃၄၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်။

(၁၉၈၂ ခုနှစ်၊ မတ်လ ၂၅ ရက်)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး တင်လှိုင်၊

ညွှန်ကြားရေးမှူးချုပ်၊

နိုင်ငံတော်ကောင်စီရုံး၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

----- Footnote -----

[ပင်ရင်း- ၁၀.၄.၁၉၈၂ ရက်နေ့ထုတ် ပြန်တမ်းမှ ကူးယူတင်ပြသည်။]

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၈၂ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေ၏နောက်ဆက်တွဲဇယား

Myanmar Law Information System (MLIS)